## စစ်အစိုးရတပ်များ၏ ထိုးစစ်ဆင်မှုကြောင့် ကရင်တိုင်းရင်းသားများ ထပ်မံထွက်ပြေးနေကြရကြောင်း လူ့အခွင့်အရေးအဖွဲ့ဆို

၃၀ နိုဝင်ဘာ ၂၀၀၆

မြန်မာနိုင်ငံ၊ ကရင်ပြည်နယ်က ထောင်နဲ့ချီတဲ့အရပ်သားတွေဟာ မြန်မာစစ်တပ်ရဲ့ ထိုးစစ်ဆင်မှုတွေကြောင့် ဘေးကင်းရာကို ထွက်ပြေးနေကြရပြီး အစားအစာ အကူအညီတွေလိုအပ်နေတယ်လို့ အမေရိကန်အခြေစိုက် လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဒီကနေ့ပြောလိုက်ပါတယ်။ သူတို့အဖွဲ့က မကြာသေးခင်ကပဲလက်ခံရရှိတဲ့ ခိုင်လုံတဲ့ အထောက်အထားတွေအရ လူ ၂၀၀ ကျော်ဟာ ထိုင်းနယ်စပ်ကစခန်းတွေကို ရောက်လာပြီး နောက်ထပ် ၃,၀၀၀ ကျော်ဟာ ပြေးလွှားနေကြဆဲပဲလို့လည်း ဆိုထားပါတယ်။ ဒီသတင်းနဲ့ပတ်သက်ပြီး လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က တာဝန်ရှိသူတစ်ဦးနဲ့ ကရင်အမျိုးသားအစည်းအရုံးက တာဝန်ရှိသူတစ်ဦးတို့ကို ဆက်သွယ်မေးမြန်းပြီး ဦးကျော်ကျော်သိန်းက တင်ပြထားပါတယ်။

လူ့အခွင့်အရေးစောင့်ကြည့်လေ့လာရေးအဖွဲ့ရဲ့ လန်ဒန်ရုံးကို ဒီကိစ္စနဲ့ပတ်သက်လို့ မေးမြန်းဖို့ဆက်သွယ်ခဲ့ရာမှာ မြန်မာပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် **David Mathieson** ကို မေးမြန်းခွင့်ရခဲ့ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်က မြန်မာပြည်တွင်း သွားရောက်ခဲ့ဖူးပြီး ကိုယ်တိုင်လူတွေ့မေးမြန်းတာတွေ လုပ်ခဲ့ဖူးတယ်လို့ဆိုပါတယ်။ အဲဒီတုန်းက သူတွေ့ခဲ့တွေ၊ လူတွေ့မေးမြန်းခဲ့တာတွေနဲ့ အခုဖြစ်ပျက်နေတာတွေဟာ ကိုက်ညီနေတယ်လို့လည်း သူကပြောပါတယ်။

အခုထွက်ပြေးလာကြတဲ့ထဲက လူ ၂၀၀ ကျော်ဟာ အဲတူးထစခန်းကို ရောက်လာကြတယ်လို့ ထုတ်ပြန်ချက်ထဲမှာ ဖော်ပြထားတဲ့အတွက် ဒီစခန်းနဲ့ပတ်သက်ပြီးတော့ ဒေးဗစ်ကိုမေးကြည့်ပါတယ်။

> "ပြီးခဲ့တဲ့ ဧပြီလနှောင်းပိုင်းနဲ့ မေလဆန်းကာလတွေမှာ ကရင်ပြည်နယ်မြောက်ပိုင်းကို မြန်မာစစ်တပ်တွေ ထိုးစစ်ဆင်မှုကြောင့် ထောင်နဲ့ချီတဲ့လူတွေ အိုးပစ်အိမ်ပစ်ထွက်ပြေးလာကြရပြီးတဲ့နောက် ဒီ အဲတူထစခန်းကို ထူထောင်ခဲ့တာပါ။ ဒီစခန်းဟာ သံလွင်မြစ်ကမ်းနဖူး မြန်မာပြည်ထဲမှာရှိနေပါတယ်၊ ဒီစခန်းကို အဓိက အကူအညီ ပေးနေတာက ကရင်လူမှုအဖွဲ့အစည်းတွေပါ၊ စားစရာ ဝတ်စရာနဲ့ ချက်ပြုတ်စရာတွေကို ကရင် လူမှုအဖွဲ့အစည်းတွေက အများဆုံးထောက်ပံ့ပေးနေတာပါ၊ နိုင်ငံတကာအကူအညီက အနည်းအကျဉ်းပဲပါပြီးတော့ ကရင်တိုင်းရင်းသားတွေက သူတို့ဖာသာ ပြန်ပြီး ကူညီစောင့်ရှောက်ပေးနေကြတာပါ။" လို့ ဒေးဗစ်ကပြောပြပါတယ်။

မြန်မာစစ်တပ်ရဲ့ထိုးစစ်ကြောင့် ဒီစခန်းထဲကို လူ ၂၀၀ ကျော် ရောက်လာတာနဲ့ပတ်သက်ပြီး ကရင်အမျိုးသား အစည်းအရုံး (KNU) ကရော ဘာများ သိထားပါသေးလဲလို့ ကေအဲန်ယူရဲ့ အထွေထွေအတွင်းရေးမှူး ဖဒိုမန်းရှာကို မေးကြည့်ပါတယ်။

> "အဲဒါကတော့ မှန်ကန်တဲ့သတင်းဖြစ်ပါတယ်၊ ထန်းတပင်မြို့နယ်တို့ မုန်းမြို့နယ်တို့ဘက်ကနေ ထွက်လာတဲ့ လူထုတွေပဲ။ အခုဆိုလို့ရှိရင် ထန်းတပင်ဘက်မှာပေ့ါလေ၊ တောင်ယာတွေ လယ်တွေ အဲသလို သူတို့ရဲ့ လူထုတွေရဲ့ လုပ်ခင်းကိုင်ခင်း အားလုံးပေါင်း ၇၀၀ ကျော်လောက် အဖျက်ဆီးခံရတယ်၊ အခုအပတ်၊ နောက် သံတောင်ဘက်မှာ လည်းပဲ ၅၀၀ ကျော် အဖျက်ဆီးခံရတယ်၊ နောက် ဖာပွန်မြောက်ဘက်ခြမ်းမှာလည်းပဲ ၂၈၀ ကျော် ဖျက်ဆီးခံရတယ်၊ အဲဒီလူထုတွေက သူတို့ ဒီလို သူတို့ရဲ့အလုပ်အကိုင်တွေ၊ စားနပ်ရိက္ခာတွေ၊ တောင်ယာတွေ၊ လယ်တွေ ဖျက်ခံရ တော့ မရပ်တည်နိုင်တော့တဲ့အဆုံးမှာ နယ်စပ်ဘက်ကို ထွက်ပြေးသွားတယ်လေ၊ ထွက်ပြေးသွားတော့ အဲဒီ အဲတူးထ ဘက်ကို ရောက်သွားတယ်ဆိုတာ မှန်ပါတယ်။အဲဒါကတော့ ၂၀၀ ကျော်ကျော် ၂၀၀ လောက်ပေ့ါလေ။"

ဒီလိုသတင်းမျိုးတွေထွက်လာတိုင်းမှာ မြန်မာစစ်အစိုးရက ဒါမျိုးတွေမရှိဘူးလို့ ငြင်းလေ့ရှိပြီး ဒါဟာ သူတို့စစ်တပ်က လုပ်လို့မဟုတ်ဘဲ ကေအဲန်ယူကလုပ်တာလို့လည်း ပြန်လှန် စွပ်စွဲလေ့ရှိပါတယ်။ ဒါ့ကြောင့် အခုပြောတဲ့အခြေအနေ အဖြစ်အပျက်ဟာ ဘယ်လောက်ထိ ခိုင်လုံမှုရှိပါသလဲလို့ ဒေးဗစ်ကိုမေးကြည့်ပါတယ်။

“ဒီအခြေအနေနဲ့ပတ်သက်တဲ့ ခိုင်မာတဲ့ အထောက်အထား အစီရင်ခံချက်တွေကို လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အဖွဲ့တစ်ဖွဲ့ထဲကပဲ ရတာမဟုတ်ပါဘူး၊ ပြီးခဲ့တဲ့နှစ်အတွင်း အဲဒ်တူးထစခန်းကို သတင်းထောက် ဒါဇင်နဲ့ချီပြီး သွားရောက်ခဲ့ပါတယ်၊ တခြား တစ်သီးပုဂ္ဂလ သွားရောက်တဲ့လူတွေလည်းရှိပါတယ်၊ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့တစ်ဖွဲ့ထဲကပဲ ထွက်လာတဲ့သတင်းမဟုတ်ဘဲ တစ်ကမ္ဘာလုံးက အထောက်အထားရထားတဲ့ ကိစ္စတွေဖြစ်ပါတယ်။ တကယ်လို့ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ အပါအဝင် တခြားအဖွဲ့အစည်းတွေရဲ့ ထုတ်ပြန်ချက်တွေနဲ့ပတ်သက်လို့ နအဖက ငြင်းမယ်၊ လက်မခံဘူးဆိုရင်၊ ရှင်းရှင်းလေးပါ၊ လွတ်လပ်တဲ့ လေ့လာစောင့်ကြည့်ရေးအဖွဲ့တွေကို မြန်မာပြည်ထဲပေးဝင်ပြီး အခုပြောနေတဲ့ဒေသ တွေမှာ လွတ်လွတ်လပ်လပ် လေ့လာခွင့်ပေးလိုက်ပါ။” လို့ ဒေးဗစ်ကပြောပါတယ်။

ဒီအဖြစ်အပျက်တွေဟာ တကယ့်ကို ဆိုးဆိုးရွားရွား ဖြစ်ပျက်နေတာဖြစ်တဲ့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှာ မြန်မာနိုင်ငံကိစ္စ ဆုံးဖြတ်ချက်ချဖို့ ဆွေးနွေးကြတဲ့အခါ အထူးအလေးထားပြီး ထည့်သွင်းစဉ်းစားသင့်တဲ့အချက် ဖြစ်တယ်လို့လည်း လူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေးအဖွဲ့ရဲ့ မြန်မာပြည်ဆိုင်ရာ အကြံပေးပုဂ္ဂိုလ် David Mathieson က ပြောသွားပါတယ်။